# သွားနှင့် ခံတွင်း ဆရာဝန်များ လိုက်နာရန် ကျင့်ဝတ်များ

Scanned with CamScanner

# သွားနှင့်ခံတွင်း ဆရာဝန်များ လိုက်နာရန် ကျင့်ဝတ်များ

အောက်ဖော်ပြပါ သွားနှင့်ခံတွင်းဆရာဝန် ကျင့်ဝတ်များကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ မှတ်ပုံတင်ထားသော သွားနှင့်ခံတွင်းဆရာဝန်တိုင်း လိုက်နာကျင့်သုံးရန်အတွက် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆေးကောင်စီက သတ်မှတ်လိုက်သည်။

၁။ သွားနှင့်ခံတွင်းဆေးပညာ၏ ဂုဏ်သိက္ခာကို အခါခပ်သိမ်း ထိန်းသိမ်းစောင့်ရှောက်ရမည်။ ဂုဏ်သိက္ခာညှိုးနွမ်းစေမည့် အောက်ပါအမူအကျင့်များနှင့် အလားတူ အမူအကျင့်များကို ရှောက်ကြဉ်ရမည်။

(က) မိမိကိုယ်ပိုင်ဆေးကုသမှု တိုးတက်ရရှိရေးအတွက် မိမိကိုယ်တိုင်ဖြစ်စေ၊ သတင်းစာများ၌ ထည့်သွင်း၍ ဖြစ်စေ၊ လက်ကိုင်ဆိုင်းဘုတ်ဖြင့်ဖြစ်စေ၊ ကြော်ငြာစာများ ကပ်၍ ဖြစ်စေ၊ ကတ်ပြားနှင့် လက်ကမ်းစာစောင်များကို အသုံးပြု၍ဖြစ်စေ ကြော်ငြာ၊ ဖြန့်ချီ၊ လှုံ့ဆော်ခြင်း။

(ခ) လျှို့ပုက်ဆေးချက်များ ရောင်းချလျက် စီးပွားရေး အမြတ်ရှာကြံခြင်း။

(ဂ) ဆေးပစ္စည်း အဓိကရောင်းသောဆိုင်၌ ဆေးခန်းငှားရမ်း ဖွင့်လှစ်ခြင်း။

Scanned with CamScanner

(ဃ) ကုသခြင်း၊ ခွဲစိတ်ခြင်းနှင့် ပတ်သက်သည့် လူနာများ၏ ဆေးမှတ်တမ်းများနှင့် အစီရင်ခံစာများကို ဖြစ်စေ၊ လူနာများထံမှ ကျေးဇူးတင်ရှိကြောင်း စာများကိုဖြစ်စေ၊ ဆေးပညာနှင့် မသက်ဆိုင်သော သတင်းစာများနှင့် မဂ္ဂဇင်း၊ ဂျာနယ်များ၌ ထုတ်ပြန်ကြေညာခြင်း၊ သို့မဟုတ် ထုတ်ပြန်ကြေညာခွင့်ပြုခြင်း။

(င) သွားနှင့်ခံတွင်းဘက်ဆိုင်ရာ ဥပဒေများအရ သွားနှင့် ခံတွင်းဆရာဝန် မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင် ထားခြင်းမရှိသောသူများအား အကာအကွယ်ပေးခြင်း။

(စ) မိမိကိုယ်တိုင်ကသော်လည်းကောင်း၊ အခြားမှတ်ပုံတင် ဆရာဝန်ကသော်လည်းကောင်း၊ ညွှန်းသော ဆေးများမှ အပ အခြားဆေးဝါးများ၊ ဆေးပစ္စည်းနှင့် ခွဲစိတ်ကိရိယာ များ ရောင်းချသောဆိုင် ဖွင့်လှစ်ထားခြင်း။

(ဆ) "မပျောက်ပါက ဆေးကုခမယူ"ဟူသော သဘောတူညီ ချက်ထားရှိလျက် ဆေးကုသပေးခြင်း။

၂။ မည်သည့်မှတ်ပုံတင်သွားနှင့်ခံတွင်းဆရာဝန်မှ မှတ်ပုံတင် မထားသည့် သွားနှင့်ခံတွင်းဆရာဝန်တစ်ဦးဦးနှင့် ညှိနှိုင်း တိုင်ပင်ခြင်းမပြုရ။ ဤပြဋ္ဌာန်းချက်သည် အခြားနိုင်ငံ၌ မှတ်ပုံတင်ပြီးဖြစ်၍ ဤနိုင်ငံတွင် ယာယီနေထိုင်သည့် (သို့မဟုတ်) ဖြတ်သန်းသွားလာသည့် သွားနှင့်ခံတွင်း

Scanned with CamScanner

ဆရာဝန်များနှင့် မသက်ဆိုင်စေရ၊ သို့ရာတွင် ၎င်းတို့၏ ဘွဲ့မည်အရည်အချင်းများမှာ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆေးကောင်စီက အသိအမှတ်ပြုသော သွားနှင့်ခံတွင်းဘက်ဆိုင်ရာအဖွဲ့က ပေးအပ်သည့် ဘွဲ့မည် အရည်အချင်းများ ဖြစ်ရမည်။

၃။ လူနာနှင့်ပတ်သက်၍ အခြား သွားနှင့်ခံတွင်းဆရာဝန်တစ်ဦးနှင့် တိုင်ပင်ရန် ချိန်းဆိုထားပါက အချိန်မှန်ရန် လိုအပ်သည်။ အကယ်၍ ဆေးကုသမှုပေးနေသော သွားနှင့်ခံတွင်းဆရာဝန်သည် အချိန်မီရောက်ရှိမလာက အတိုင်ပင်ခံဆရာဝန်သည် မိမိတစ်ဦးတည်း လူနာအား ကြည့်ခွင့်ရှိသည်။ မိမိ၏ သုံးသပ်ချက်များကို စာဖြင့်ရေးပြီး စာအိတ်ထဲ၌ ပိတ်၍ ထားခဲ့ရမည်။

၄။ သွားနှင့်ခံတွင်းဆရာဝန်နှစ်ဦး ဆွေးနွေးပြီး တွေ့ရှိချက်များကို လူနာရှင်များအား မည်သူက တာဝန်ယူ၍ ရှင်းပြရမည် ဆိုသည့်အချက်ကို နှစ်ဦးသဘောတူ ညှိနှိုင်းရမည်။

၅။ အမြင်ကွဲလွဲမှုများကို မလိုအပ်ဘဲ ဖွင့်မပြောသင့်ပါ။ သို့သော် ညှိနှိုင်းမရသော ကွာဟမှုများရှိပါက လူနာရှင်များအား ဘက်မလိုက်ဘဲ ပွင့်ပွင့်လင်းလင်း ရှင်းပြရမည်။ ဆက်လက်၍ အခြားဆရာဝန်တစ်ဦးဦး၏ အကြံဥာဏ်ကို တောင်းလိုက ထိုဆရာဝန်နှစ်ဦးနှင့် တိုင်ပင်၍သော်လည်းကောင်း၊ လူနာ

Scanned with CamScanner

ကြည့်ရှုကုသသူ သွားနှင့်ခံတွင်းဆရာဝန်နှင့် တိုင်ပင်၍သော် လည်းကောင်း၊ တောင်းနိုင်သည်။

၆။ တိုင်ပင်ဆွေးနွေးပြီးသည်နှင့် လူနာကုသသူ သွားနှင့်ခံတွင်း ဆရာဝန်အနေနှင့် နောက်တစ်ကြိမ် ထပ်မံကြည့်ရှုရန် စီစဉ်ခြင်း မပြုပါက အတိုင်ပင်ခံဆရာဝန်၏ စောင့်ရှောက်မှု သည် ပြီးဆုံးပါသည်။

၇။ ထိခိုက်မှု (သို့မဟုတ်)သွားနှင့်ခံတွင်း နာမကျန်းမှုတစ်ခုခုကို တရားဝင် တာဝန်ပေးအပ်ခြင်း ခံရသော သွားနှင့်ခံတွင်း ဆရာဝန်တစ်ဦးအနေနှင့် ကြည့်ရှုသတင်းပို့ရန် တာဝန်ရှိ လာပါက လေးစားသောအနေဖြင့် ဖြစ်နိုင်သည့်အခါတိုင်း တွင် ကနဦး ကုသနေသော သွားနှင့်ခံတွင်း ဆရာဝန်အား အတတ်နိုင်ဆုံး ဆက်သွယ်သင့်သည်။ သို့မှသာ ယင်း ဆရာဝန်အနေနှင့် မိမိလူနာကို စမ်းသပ်သောအခါ အနားခံ ရှိနေနိုင်ပါမည်။ တရားဝင်ကြည့်ရှုသော သွားနှင့်ခံတွင်း ဆရာဝန်သည် ကနဦးကုသမှုနှင့် ရောဂါအမည် တပ်ထား ခြင်းများကို မည်သို့မျှ စွက်ဖက်ခြင်း၊ ဝေဖန်ခြင်း မပြုရ။

၈။ လူနာကြည့်ရှု ကုသသူ သွားနှင့်ခံတွင်းဆရာဝန်၏ အကူအညီ တောင်းဆိုချက်အရ အတိုင်ပင်ခံ ဆရာဝန်သည် လူနာအား မိမိ၏ဆေးခန်းခံ့ ကြည့်ရှုစစ်ဆေးသည့်အခါ လူနာ၏ အခြေအနနှင့် ကုသမှုပိုင်းတို့အပေါ် မိမိ၏ ထင်မြင်ချက်ကို လူနာကြည့်ရှုသူ သွားနှင့်ခံတွင်းဆရာဝန်ထံ စာဖြင့် ဆက်သွယ်ရန် တာဝန်ရှိသည်။

Scanned with CamScanner

၉။ သွားနှင့်ခံတွင်းဆရာဝန်နှစ်ဦး အထူးသဘောတူညီချက် ပြု လုပ်ခြင်း မရှိသေးပါက ဆရာဝန်တစ်ဦး နေမကောင်းနေ သည့် အခါတွင်လည်းကောင်း၊ မရှိသည့်အခါတွင် လည်းကောင်း၊ အခြားတစ်ဦးအား မိမိဆေးကုသမှုတာဝန် များကို အပ်နှင်းထားသည့်အခါ လူနာများအားလည်းကောင်း၊ အပ်နှင်းသူ ဆရာဝန်အားလည်းကောင်း ငွေကြေးတောင်းခံ ခြင်း မပြုရ။

၁၀။ သာမန်အားဖြင့် သွားနှင့်ခံတွင်းဆရာဝန်တစ်ဦး ကုသနေ သော လူနာအား ကြည့်ရှုရန် အရေးပေါ်အနေဖြင့် အခြား သွားနှင့်ခံတွင်းဆရာဝန်တစ်ဦးအား ခေါ်ယူပါက အရေးပေါ် ကုသမှုပေးပြီးလျှင် ယင်းဆရာဝန်သည် ဆက်လက်မကုသဘဲ ကနဦးဆရာဝန်နှင့်သာ ဆက်လက်ကုသစေသင့်ပါသည်။ သို့သော် ထိုကုသမှုအတွက် လူနာအား ကုသခတောင်းခံနိုင် သည်။

၁၁။ လူနာတစ်ဦးကို ကြည့်ရှုပေးရန် အခြားသွားနှင့်ခံတွင်း ဆရာဝန်တစ်ဦး၏ မေတ္တာရပ်ခံချက်ဖြင့် ကြည့်ရှုပေးရသော ဆရာဝန်သည် ထိုလူနာက ၎င်း၏ ထိုရောဂါအတွက် ကုသပေးရန် ဆွေးနွေးလာပါက ကနဦး ဆရာဝန်နှင့်သာ ဆွေးနွေးရန် ပြောကြားသင့်သည်။ ထို့ပြင် ယင်လူနာအား ကုသပေးရန် ငြင်းဆိုရမည်။

Scanned with CamScanner

၁၂။ အခြားသွားနှင့်ခံတွင်း ဆရာဝန်တစ်ဦး ကြည့်ရှုနေသော လူနာအား ကြည့်ရှုရန် (အရေးပေါ်လူနာမဟုတ်ဘဲ)ခေါ်ယူ ခြင်းခံရပါက ကနဦး သွားနှင့်ခံတွင်းဆရာဝန်နှင့် ဆွေးနွေးပြီး သဘောတူညီချက် မရရှိလျှင်သော်လည်းကောင်း၊ လူနာကို ကုသပေးနေသော သွားနှင့်ခံတွင်းဆရာဝန်အား ဆက်လက် ကုသရန် မလိုတော့ကြောင်း လူနာက (ဖြစ်နိုင်လျှင် စာဖြင့်) အကြောင်းကြားပြီးသည့် အချိန်ထိသော် လည်းကောင်း၊ ထိုလူနာအား ကုသပေး ရန် ငြင်းဆိုရမည်။

၁၃။ သွားနှင့်ခံတွင်း ဆရာဝန်တစ်ဦးအနေဖြင့် မိမိ၏အိမ်သို့ လူနာက လာရောက်ပြသပါလျှင် ယင်းလူနာသည် အခြား သွားနှင့်ခံတွင်းဆရာဝန်တစ်ဦး၏ ကုသမှုခံယူနေခြင်း ရှိ မရှိ မေးမြန်းရန် မလိုပါ။ သို့ရာတွင် ယင်းကဲ့သို့ အခြားသွားနှင့် ခံတွင်းဆရာဝန်နှင့် ကုသခံနေသည်ကို အကြောင်းအား လျော်စွာ သိရှိလာပါက လူနာ၏အကျိုးကို ရှေးရှု၍သော် လည်းကောင်း၊သို့မဟုတ် လေးစားမှုအရသော်လည်းကောင်း၊ ယခင်ကုသနေသော သွားနှင့်ခံတွင်းဆရာဝန်အား ဆွေးနွေး ချက်နှင့် တွေ့ရှိချက်များကို အကြောင်းကြားသင့်သည်။

၁၄။ မည်သည့်မှတ်ပုံတင် သွားနှင့်ခံတွင်းဆရာဝန်မျှ ဆေးရောင်း သူများထံမှ ဆေးများနှင့် ဆေးညွှန်းများအတွက်သော်လည်း ကောင်း၊ အခြားဆရာဝန်များထံမှ လူနာညွှန်းခြင်းအတွက် သော်လည်းကောင်း၊ ကော်မရှင် အခကြေးငွေ မယူရ၊

Scanned with CamScanner

ၵင်းအပြင် ဟိုတယ်ပိုင်ရှင်များ၊ တည်းခိုခန်းပိုင်ရှင်များ၊ သူနာပြုဆရာမများ၊ သားဖွားဆရာမများနှင့် အခြားသူများအား မိမိနှင့် လူနာများ ဆက်သွယ်ပေးသည့်အတွက်လည်း ကော်မရှင် မပေးရ။

၁၅။ အလွန်ကျယ်ပြန့်သော ကျေးရွာနယ်မြေမှတစ်ပါး သွားနှင့် ခံတွင်းဆရာဝန်များသည် မိမိငှားရမ်းထားခြင်း မရှိသော အိမ်နှင့် မြေပေါ်တွင် မိမိ၏ နာမည်ပါ ဆိုင်းဘုတ်များ ချိတ်ဆွဲထားခြင်းမပြုရ။ တရားဝင် ဖွင့်ထားသော ခွဲစိတ်ကုသခန်းများနှင့် အကျုံးမဝင်ပါ။

၁၆။ ဆေးကုသမှု နှုန်းထားများကို လူသိရှင်ကြား ရေးသားကြော်ငြာထားခြင်း မပြုရ။

၁၇။ သွားနှင့်ခံတွင်း ဆေးပညာလောကတွင် သတ်မှတ်ထားသော ဆေးကုသနှုန်းထား မရှိပေ။ ဆိုလိုသည်မှာ ဆေးကုသမှု နှုန်းထားနှင့် ပတ်သက်၍ ကျေနပ်မှုမရှိပါက လူနာ သို့မဟုတ် သွားနှင့်ခံတွင်းဆရာဝန်အနေဖြင့် အယူခံတင်နိုင်သော ဥပဒေ မရှိပါ။ သို့ရာတွင် ပေးရိုးထုံးစံရှိသော နှုန်းထားများရှိနိုင်သည်။ ယင်းနှုန်းထားများသည် နေရာ၊ ဒေသ၊ ရာထူး၊ ဘွဲ့နှင့် အခြား အခြေအနေများပေါ်တွင် မူတည်၍ ပြောင်းလဲနိုင်သည်။ နှုန်းထားများကို သွားနှင့်ခံတွင်းဆရာဝန်သည် မိမိဆန္ဒအလျောက် လျော့နိုင်သည်။

Scanned with CamScanner

၁၈။ သွားနှင့်ခံတွင်းဆရာဝန်တစ်ဦးသည် အခြားဆရာဝန်တစ်ဦးအား ကုသမှုအတွက် အခကြေးငွေ မယူရဟူသော သတ်မှတ်ချက်မရှိပါ။ သို့ရာတွင် ဆရာဝန်တစ်ဦး အနေဖြင့် မိမိ၏ လုပ်ဖော်ကိုင်ဖက်များနှင့် ၎င်းတို့၏ မိသားစုများကိုသော်လည်းကောင်း၊ ဆေးကျောင်းသားများအားသော်လည်းကောင်း၊ ကုသပေးခြင်းကို ဝမ်းမြောက်ဂုဏ်ယူဖွယ်ကောင်းသော အခွင့်အရေးတစ်ရပ်အနေဖြင့် လက်ခံသင့်သည်။

၁၉။ သွားနှင့်ခံတွင်းဆရာဝန်တစ်ဦးအနေဖြင့် ဆေး သို့မဟုတ် အစားအသောက်ပစ္စည်း တစ်စုံတစ်ခု ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းတို့တွင် ပါဝင်ခြင်း၊ သို့မဟုတ် ၎င်း၏အမည်နှင့် ဆက်စပ်ခြင်း ပြုလုပ်ပါက ဆေးပညာရှင်တို့၏ ဂုဏ်သိက္ခာကို ကြီးလေးစွာ ချီးဖောက်ရာ ရောက်ပါသည်။ ဆရာဝန်များအနေဖြင့် ယင်းကဲ့သို့သော ဆေးနှင့် အစားအစာပစ္စည်းများ၏ နာမည်ကျော်မှုအတွက် အမှတ်တမဲ့ ပြုလုပ်မိခြင်း မရှိစေရန် သတိရှိရမည်။

၂၀။ သွားနှင့်ခံတွင်းဆရာဝန်တစ်ဦးသည် အောက်ပါအခြေအနေများတွင် လူနာတစ်ဦးအား ဆေးဆက်လက်ကုသမှုကို ငြင်းဆိုနိုင်သည်။

(က) အခြားသွားနှင့်ခံတွင်းဆရာဝန်တစ်ဦးနှင့် ကုသနေကြောင်း တွေ့ရှိခြင်း။

(ခ) မိမိညွှန်းထားသော ဆေးဝါး၊ ကုထုံးနည်းများအစား အခြားဆေးဝါးကုထုံးနည်းများကို သုံးစွဲနေခြင်း။

Scanned with CamScanner

(ဂ) မိမိညွှန်းထားသော ဆေးဝါး၊ ကုထုံးနည်းများကို ငြင်းပယ်ခြင်း။

(ဃ) အယောင်ဆောင် နာမကျန်းမှုသာဖြစ်ခြင်း၊ မိမိအား လည်း ကြံဖော်ကြံဖက်အဖြစ် ဆွဲဆောင်လျက်ရှိခြင်းတို့ ကို မိမိစိတ်ထဲ၌ ယုံကြည်လာခြင်း။

(င) လူနာသည် ဘိန်း၊ အရက်၊ အိပ်ဆေးနှင့် အခြား အဆိပ် အတောက်ဖြစ်စေသော ဆေးများကို ဆက်လက် မှီဝဲသုံးစွဲနေခြင်း။

သွားနှင့်ခံတွင်းဆရာဝန်အနေဖြင့်မိမိကုသမှုကြောင့် ရောဂါပျောက်ကင်းခြင်း မရှိသဖြင့် ဆေးဆက်လက် ကုသခြင်းကို ရပ်ဆိုင်းရန်မလို၊ လူနာအနေဖြင့် မိမိ၏ ကုသမှုကို လိုလားနေသမျှ ကာလပတ်လုံး ဆက်လက် ၍ ကုသရမည်။

၂၁။ သွားနှင့်ခံတွင်းဆရာဝန်တစ်ဦးသည် မိမိလူနာ၏ လျှို့ဝှက် ချက်များကို စောင့်ထိန်းရန် ဝတ္တရားရှိသည်။ ဥပဒေနှင့် ငြိစွန်းသော အကြောင်းကိစ္စများတွင် လူနာ၏ ခွင့်ပြုချက် မရရှိပါက တရားသူကြီး သို့မဟုတ် တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ ၏ တိုက်ရိုက်ညွှန်ကြားချက်အရသာ မေးခွန်းများကို ဖြေဆိုရ မည်။

သွားနှင့်ခံတွင်းဆရာဝန်တစ်ဦးသည် ရဲသား၊ ရှေ့နေနှင့် အခြားတရားဥပဒေနှင့် ပတ်သက်သောသူများ၏ လူနာနှင့် ပတ်သက်သည့်မေးခွန်းကို ဖြေကြားရန်မလိုပေ။

Scanned with CamScanner

၂၂။ သွားနှင့်ခံတွင်းဆရာဝန်တစ်ဦးသည် မိမိကုသခဲ့သော လူနာတစ်ဦး၏ အကျိုးပျက်စီးစေမည့် သက်သေခံချက်ကို တရားရုံး၌ မိမိသဘောအလျောက် ထွက်ဆိုခြင်းမပြုရ၊ တရားရုံးမှ ဆင့်ခေါ်မှသာလျှင် သက်သေထွက်ဆိုရမည်။

၂၃။ ပြည်သူ့ကျန်းမာရေးဆိုင်ရာ အက်ဥပဒေများပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရာ၌ စေတနာဖြင့် ကူညီရန်မှာ နိုင်ငံသားဆရာဝန်များ၏ တာဝန်ဝတ္တရားပင်ဖြစ်သည်။ အထူးသဖြင့် ရောဂါကာကွယ်ရေး စီမံချက်များ ပြုလုပ်ခြင်း၊ ကူးစက်တတ်သည့်ရောဂါများ နှိမ်နင်းခြင်း စသည့်ကိစ္စများကို ပြည်သူ့ကျန်းမာရေး အာဏာပိုင်များ ပြုလုပ်နိုင်စေရန် အလို့ငှာ ရောဂါများ ဖြစ်ပွားနေကြောင်း တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ ကူညီရန်ဖြစ်သည်။

၂၄။ သွားနှင့်ခံတွင်းဆရာဝန်တစ်ဦးသည် ကြီးသော ဆိုင်းဘုတ် တပ်ဆင်ခြင်း မပြုရ။ ဝင်ပေါက်နှင့် မျက်နှာစာများ တစ်ခုထက်ပိုသော အဆောင်အအုံမှအပ ဆိုင်းဘုတ် တစ်ခုထက်ပို၍ မတပ်ဆင်ရ၊ ဆိုင်းဘုတ်တွင် အမည်၊ ဒီဂရီ၊ ဒီပလိုမာ၊ ရာထူး အဆင့်နှင့် မိမိ၏ အထူးကုသမှု ပညာရပ်ကိုသာ ဖော်ပြသင့်သည်။

ဥပမာ- သမားတော်ကြီး၊ ခွဲစိတ်ကုသမှု အထူးကု အစရှိသဖြင့်သာ ပါသင့်သည်။ ရောဂါတစ်စုံတစ်ခုကို မည်သည့်နည်းဖြင့်

Scanned with CamScanner

ကုသပေးလျက်ရှိကြောင်း မဖော်ပြသင့်၊ ဥပမာ-(အထူးရောင်ခြည်ဖြင့် သွားများကို ဖာထေးပေးခြင်း) ၎င်းအပြင် ဆိုင်းဘုတ်၌ မိမိလုပ်ဆဲ သို့မဟုတ် လုပ်ကိုင်ခဲ့သော ဆေးရုံ၊ ဆေးကျောင်းများ၌ ထမ်းဆောင်ခဲ့သည့် ရာထူးကို မဖော်ပြသင့်။

၂၅။ သွားနှင့်ခံတွင်း ဆရာဝန်တစ်ဦးသည် မိမိ၏ လိပ်စာ ပြောင်းလဲခြင်းကို အသိပေးလိုပါက ကြော်ငြာလေးကြိမ်သာ ကြော်ငြာခွင့်ရှိသည်။ တစ်ကြိမ်၊ တစ်ကြိမ်ကြော်ငြာရာတွင်လည်း မိမိထည့်လိုသော သတင်းစာအားလုံး၌ တစ်ရက်တည်း၊ တစ်ပြိုင်နက် ကြေငြာရမည်။ ယင်းကြော်ငြာတွင်လည်း လိပ်စာပြောင်းလဲခြင်းမှလွဲ၍ အခြား မည်သည့် အကြောင်းအရာမျှ မပါရှိရ။

* * *

(၁၅-၁-၉၃)

Scanned with CamScanner